# အာဏာရှင် နှင့် အကျပ်အတည်း

## တင်မြင့်မော်

Crisis ကို မြန်မာ၊ အင်္ဂလိပ် အဘိဓာန်က ‘အကျပ်အတည်း’ ကျဉ်းထဲကျပ်ထဲ လို့ အဓိပ္ပာယ်ဖွင့်ဆိုတယ်။ အခက်အခဲနဲ့ ကြုံတွေ့နေရသော အခြေအနေ၊ ကြီးမားပြီး အန္တရာယ်ရှိတဲ့ အခက်အခဲ၊ ဖြေရှင်းဖို့ မလွယ်ကူတဲ့ ပြဿနာလို့လည်း ယူလို့ရနိုင် ပါတယ်။

ယေဘူယျအားဖြင့် အကျပ်အတည်း ဆိုတာ လုပ်ငန်းအဖွဲ့အစည်းတခုခု (ဝါ) ဒေသ တခုခု (သို့) လူ့အသိုင်းအဝိုင်း (သို့) နိုင်ငံတနိုင်ငံကို ဘေးကျပ်နံကျပ်နဲ့ ပျက်စီးနစ်နာ ဆုံးရှုံးမှုစတဲ့ အတိဒုကတွေ၊ ဘေးအန္တရာယ် တွေ (သို့) အမည်၊ ဂုဏ်သိကာ များ ထိခိုက် ကျဆင်းစေရန် သက်ဆိုင်ရာနယ်ပယ် တွင်းမ ဖြစ်စေ၊ နယ်ပယ်ပြင်ပမှဖြစ်စေ၊ သဘာဝအ လျောက်ဖြစ်စေ၊ လူတို့လုပ်ဆောင်၍ ဖြစ်စေ ရုတ်တစ်ရက်ဖြစ်ထွန်း ပေါ်ပေါက်လာ သော အခြေအနေ၊ အဖြစ်အပျက်တရပ်ရပ်ကို ရည် ညွှန်းခြင်းဖြစ်တယ်။

စင်စစ် အကျပ်အတည်းဆိုတာ အခုမှရှိတာ၊ ပေါ်လာတာမဟုတ်ပါဘူး၊ ကမ္ဘာဦး အစကတည်းကရှိခဲ့သလို၊ လူ့သမိုင်းတလျှောက် ရှိခဲ့ရုံမက၊ နောင်လည်းရှိနေဦးမှာပါ။ အကျပ်အတည်းနဲ့ ကင်းတဲ့နိုင်ငံ(သို့) လူ့အဖွဲ့အစည်း ဆိုတာဟာလည်း မရှိသလို၊ အကျပ်အ တည်းဆိုတာဟာ၊စီးပွါးရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး စတဲ့ နယ်ပယ်တိုင်းမှာ ဖြစ်ပေါ်နိုင်ပါတယ်။

*အဆင့်အတန်းအလိုက် ခွဲခြားရင်လည်း လူတဦးချင်းအလိုက် အကျပ်အတည်း (personal or individual crisis)၊ မိသားစုဆိုင်ရာ အကျပ်အတည်း (family crisis)၊ လုပ်ငန်းအဖွဲ့အစည်းဆိုင်ရာ အကျပ်အတည်း (organizational crisis)၊ နိုင်ငံအလိုက်(ဝါ) အမျိုးသားရေးအဆင့် အကျပ်အတည်း (national crisis)၊ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်း(global crisis)၊ စသည်ဖြင့် အမျိုးမျိုး ရှိကြပါတယ်။

Institude of crisis management မှ ဥက္ကဋ္ဌဖြစ်သူ Robert B.Irvine က အကျပ်အတည်း နှင့် ပတ်သက်၍

(၁ )ရုတ်တရက်ဖြစ်ပေါ်တတ်တဲ့ အကျပ်အတည်းမျိုး (sudden crisis type)
ဥပမာ-မီးလောင်၊ ပေါက်ကွဲ၊ လျှောင်လုပ်၊ ပြိုကျပျက်စီးခြင်း

(၂ )တငွေ့ငွေ့ တဖြည်းဖြည်း ဖြစ်ပေါ်နေတာကို သတိမမူ လစ်လျူရှုထားရာက တချိန်ချိန်မှာ ရုတ်တရက် ကြီးထွားပေါက်ကွဲ လာတဲ့ အကျပ်အတည်းမျိုး (smouldering type)
ဟူ၍ (၂ )မျိုး ရှိကြောင်း ဖေါ်ပြခဲ့သည်။

များသောအားဖြင့် အကျပ်အတည်း တွေဟာတခါတရံ ကြိုတင်ခန့်မှန်းရခက်ပြီး မျှော်လင့်မထားချိန်မှာရုတ်တရက် ဖြစ်ပေါ်တတ်တာများပါတယ်။ပျက်စီးမှု အတိုင်းအတာပမာဏဟာလည်း အဆမတန် ကြီးမားလေ့ရှိပါတယ်။*

အကျပ်အတည်းဆိုတာနဲ့ လူတော်တော်များများဟာ လိုလားနှစ်သက်ဖွယ် မကောင်းတဲ့ အခြေအနေတရပ် လို့ရှုမြင်မိကြပါတယ်။ ရှိရင်းစွဲအခြေအနေတခုဟာ ကာလဒေသ ရုပ်ပတ်ဝန်းကျင် ဖွဲ့စည်းမှုတို့နှင့် မဆီလျှော် မကိုက်ညီ ဖြစ်လာတဲ့အခါမှာ အခြေအနေတခုသို့ ရွေ့လျှားပြောင်းလဲနေတတ်ပါတယ်။ အခြေအနေသစ်တခုသို့ မရောက်ခင်၊ အခြေအနေဟောင်းတခုဟာ ရင့်မှည့်ပြိုကွဲ၍ ပြောင်းလဲနေတဲ့ အချိန်အခါအတွင်းမှာ ဖြစ်တည်နေတဲ့ မချောမွေ့၊ မပြေပြစ်မှုများ၊ အနေအထားမကျမှုများဟာ အကျပ်အတည်း အဖြစ်ပေါ်လာခြင်းဖြစ်တယ်။

လူ့အဖွဲ့အစည်းနှင့် လူ့အဖွဲ့အစည်းရဲ့ ကဏ္ဍအသီးသီးဟာ အမြဲတမ်းလှုပ်ရှားပြောင်း

လဲ နေတယ်ဆိုတဲ့ သဘောသဘာဝကို အစဉ်ဖော်ဆောင်နေပါတယ်။ စဉ်ဆက်မပြတ်ပြောင်းလဲနေတဲ့ လူ့အဖွဲ့အစည်းကိုကြည့်ရင် ပြောင်းလဲလာတဲ့ အဆင့်တိုင်းမှာ သီးခြားသွင်ပြင်လက္ခဏာများ ရှိနေမှာသာဖြစ်တယ်။ လူ့အဖွဲ့အစည်း၏အဖွဲ့ဝင်ဖြစ်သော မိမိတို့သည်လည်း ရွေ့ရှားပြောင်းလဲနေတဲ့ ဖြစ်စဉ်အတွင်းမှာပဲ မိမိတို့ခေတ်ရဲ့ သီးခြားသွင်ပြင် လက္ခဏာများဖြစ်တဲ့ အကျပ်အတည်းများကို ကြုံတွေ့ကြရမှာဖြစ်တယ်။ ဒါကြောင့် အကျပ်အတည်းဆိုတာ လိုလားနှစ်သက်ဖွယ်ကောင်းတဲ့ အရာမဟုတ်သလို ရှောင်လွှဲ၍ရမည့် အရာမဟုတ်၍လည်း သက်ဆိုင်ရာအကျပ်အတည်း အမျိုးအစားရဲ့ သဘောသဏ္ဍာန်ကို ကောင်းစွာနားလည်သဘောပေါက်ကာ မှန်မှန်ကန်ကန် ဖြေရှင်းနိုင်ဖို့ကို ဦးတည်ကြိုးစားရမှာသာဖြစ်တယ်။

လူ့အဖွဲ့အစည်းအသီးသီးရဲ့ ကဏ္ဍအသီးသီး ၌ အကျပ်အတည်းများ ပြည့်လျှံတင်းကျပ်နေတဲ့အခါမျိုးမှာ(တခါတရံ)ဘာမဟုတ်သည့်အသေးအဖွဲ့ ပြဿနာလေးမှအစပြုကာ လူ့အဖွဲ့အစည်း တခုလုံးကို ပြောင်းလဲစေချင်သော တော်လှန်ရေးအသွင်ဖြင့် ပေါက်ကွဲပေါ်ပေါက်လာတတ်ပါတယ်။ တနည်းအားဖြင့် လူ့အဖွဲ့အစည်းတိုင်းမှာ (**Evolution**) လို့ခေါ်တဲ့ တရွေ့ရွေ့ပြောင်းလဲမှုဖြစ်စဉ်နဲ့ အစဉ်ပြောင်းလဲလျှက် ရှိနေတယ်။ ထိုသို့တရွေ့ရွေ့ ပြောင်းလဲရာမှ တော်လှန်သော အသွင်သဏ္ဍာန်ဖြင့် သိသာထင်ရှားစွာတိုးတက်ပြောင်းလဲမှု (သို့) (**Revolution**) ဖြစ်ဖို့လိုအပ်လာတဲ့အခါမှာ အကျပ်အတည်းတရပ်ကို ရင်ဆိုင် ကျော်လွှားကြရမှာဖြစ်တယ်။ အဲဒီ အကျပ်အတည်းကို ရင်ဆိုင် ကျော်လွှား နိုင်လိုက်ပြီဆိုတာနဲ့ အဆိုပါ အဖွဲ့အစည်းဟာ တိုးတက်ပြောင်းလဲမှု တရပ်ဆီကို ရွေ့ရှုစေနိုင်မှာဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံရဲ့ အနေအထားကို ပြန်ကြည့်လိုက်ရင် စီးပွါးရေးအကျပ်အတည်း၊ နိုင်ငံရေးပဋိပက္ခ အကျပ်အတည်းတွေ စတင်ခဲ့ရာကနေ အမျိုးသားရေး အကျပ်အတည်း အဆင့်ကို ကူးပြောင်းရောက်ရှိခဲ့ပြီဖြစ်တာ သိရှိကြမှာပါ။ ဗိုလ်ချုပ်နေဝင်းလက်ထက် ကတည်းကမှားယွင်းလာခဲ့တဲ့ တိုင်းပြည်ရဲ့ အခြေခံစီးပွားရေး အဆောက်အအုံကြီးဟာ နအဖ တို့ အခွင့်မ ပြောင်းလဲကိုင်တွယ်ခဲ့တဲ့ (၂၀)နှစ် သက်တမ်း အတွင်းမှာလည်းပဲ ချွတ်ခြုံကျဖြစ်ရပါတယ်။ အဲဒီကမှတဆင့် နည်းပညာ၊ ပညာရေး၊ ကျန်းမာရေးစတဲ့ တခြားကဏ္ဍတွေလည်း ချို့ယွင်းအားနည်းလာခဲ့တယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာလည်း စိုက်ပျိုးရေးအပေါ် အခြေခံနေရဆဲပဲဖြစ်တယ်။ စပါးသီးနှံဟာလည်း နိုင်ငံအတွက် အဓိကစားသုံးတဲ့ သီးနှံဖြစ်တယ်။ စပါးသီးနှံထွက်နှုန်းဟာ တနှစ်မှာတင်းသန်းပေါင်း (၁၅၀၀) ထွက်ရှိခဲ့ပြီ ဆိုသော်လည်း နိုင်ငံတွင်းမှာရှိတဲ့ လက်တွေ့နယ်ပယ်များမှာ မလောက်မငှဖြစ်မှုများ၊ ဝယ်ယူစားသုံးရာတွင်ဈေးနှုန်းအဆမတန် မြင့်မားမှုများရှိနေဆဲပဲဖြစ်တယ်။

ဒါ့အပြင် စပါးသီးနှံကို ပို့ကုန်အဖြစ် ထုတ်လုပ်နိုင်မှုစွမ်းအားမမှီသေး၍လည်း စပါးသီးနှံစိုက်ပျိုးမှုမှ ဝင်ငွေမရှိပေ။ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို ကြည့်ရင်လည်း နိုင်ငံတွင်း၌ပင်လုံလောက်မှု မရှိသေး၍ ပြည်ပမှပင် ဝယ်ယူတင်သွင်း နေရသေးတာဖြစ်တယ်။ ပဲမျိုးစုံတင်ပို့ရောင်းချမှုမှာ မြန်မာ နိုင်ငံဟာ အရှေ့တောင်အာရှမှာ ပဲအများဆုံးတင်ပို့ရောင်းချတဲ့ နိုင်ငံအဖြစ်တည်ရှိနေသော်လည်း စိုက်ပျိုးရေးကဏ္ဍမှ ဤဝင်ငွေတခုတည်းကို အားကိုး၍ရနိုင်မှာမဟုတ်ပေ။ အကြောင်းကြောင်းကို ကြည့်သော် မြန်မာနိုင်ငံရဲ့ စီးပွားရေးကို စိုက်ပျိုးရေးတွင် အခြေခံ၍ရမည်လောဟု...ပြန်လည်သုံး သတ် ဖို့လိုအပ်သလို စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်လာစေရေးမှာ အစိုးရတရပ်အနေနဲ့ စွမ်းဆောင် နိုင်မှုအားမြှင့်တင်ဖို့ အတွက် အတူတကွ ပူးပေါင်း ပါဝင်နိုင်အားတွေ ပိုမိုလိုအပ်ပါတယ်။

နိုင်ငံရဲ့ စီးပွာရေးဖွံ့ဖြိုးမှုလုပ်ငန်း ပိုမိုအစွမ်းထက်တိုးတက်စေဖို့အတွက် အခြေခံကျသော ပြုပြင်ပြောင်းလဲမှု (သို့) စီးပွားရေးဆိုင်ရာအကျပ်အတည်း စီမံခန့်ခွဲမှုများ မလွဲမသွေလုပ်ကြရမှာ ဖြစ်တယ်။ လူကြားကောင်းရုံ သက်သက်မဟုတ်ပဲ စိတ်ပါလက်ပါ ကြိုးပမ်းကြရမှာလည်း ဖြစ်တယ်။ သီအိုရီအရ လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရမှာ ဖြစ်သလို အကျပ်အတည်းရဲ့ ရေခံမြေခံဟာ မျက်နှာစာပေါင်းစုံမှ ဖြစ်နိုင်သကဲ့သို့ စီမံခန့်ခွဲ ဖြေရှင်းရာတွင်လည်း မျက်နှာစာပေါင်းစုံမှဖြစ်ဖို့ လိုအပ်ပါတယ်။

နိုင်ငံတနိုင်ငံနှင့်တနိုင်ငံဟာ သမိုင်းနောက်ခံချင်း၊ ဖြတ်သန်းခဲ့ရတဲ့ နိုင်ငံရေးခရီးချင်း မတူညီကြသလို စီးပွားရေးဆိုင်ရာအခြေခံများ၊ လူနေမှုအဆင့်နှင့် ဝင်ငွေအချိုးအစားချင်း မတူညီ နိုင်သကဲ့သို့ မိမိတို့ရဲ့ နိုင်ငံနဲ့ကိုက်ညီစေနိုင်မဲ့ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာများကို ချမှတ် နိုင်ရမှာဖြစ်တယ်။

နိုင်ငံတော်တည်ဆောက်ရာမှာ ပြည်သူလူထုဟာ နိုင်ငံတော်ရဲ့ ပဓါနစွမ်းအားဖြစ်တယ် ဆိုတာသိကြပါတယ်။ မြန်မာလူမျိုးတို့ဟာ ဖြောင့်မတ်တည်ကြည်တဲ့ စိတ်ဓါတ်ပိုင်ရှင်များဖြစ်သလို သေးသိမ်ညံ့ဖျင်းတဲ့ စိတ်ဓါတ်များမရှိကြပါ။ ပျော့ညံ့သောစိတ်ဓါတ် မရှိသလို မလျှော့သောဇွဲ၊ ထက်သန်သော ဝီရိယရှိကြတယ်။ မြှောက်တိုင်းလည်း မမြောက်တတ်သလို ခြောက်တိုင်းလည်း မကြောက်တတ်၊ ဖိနှိပ်တိုင်းလည်း ငြိမ်မနေတတ်ပါ။ တွေးခေါ်နိုင်မှု ဉာဏ်ရည်စွမ်းအားမှာလည်း တနိုင်ငံလုံး အတိုင်းအတာအရ မြင့်မားပါတယ်။

နအဖ တို့ချမှတ်ထားတဲ့ အမျိုးသားရေး ရည်မှန်းချက်၊ အမျိုးသားရေးမူဝါဒနဲ့လုပ်ငန်း စဉ်တွေမှာ ပါရှိတဲ့ သဘောတရားရေးရာတွေနဲ့ ကျင့်သုံးနေတဲ့ လက်တွေ့နယ်ပယ်က လုပ်ငန်းတွေ ဟာ လုံးဝကွဲလွဲဆန့်ကျင်နေတဲ့အပြင် ဦးဆောင်ဦးရွက်ပြုသူနဲ့ နာခံလိုက်နာ သူတို့ရဲ့ကြားမှာ ကွာဟချက်ဟာ အလွန်အမင်းကြီးထွားနေခဲ့တယ်။ ဦးဆောင်ဦးရွက်ပြုသော အုပ်ချုပ်သူ လူနည်း

စုနှင့် ၄င်းတို့ရဲ့ လက်ဝေခံ ကိုယ်ကျိုးရှာ ပြည်သူတချို့သာ အခွင့်အရေးခံစားနေရပြီး ချမှတ်ထားတဲ့ မူဝါဒနဲ့အညီမဖြစ်မနေ နာခံလုပ်ဆောင်နေရတဲ့ ပြည်သူတို့မှာ ဝမ်းရေးမှပင် အနိုင်နိုင်ဖြစ်နေရတယ်။ ဒါဟာ ပြည်သူတို့အတွက် ရိုက်ချိုးခံရတဲ့အခန်းကဏ္ဍ ဖြစ်သလို နိုင်ငံရဲ့ အကျပ်အတည်း ဖြစ်ပေါ်မှု့ အရင်းခံ အကြောင်းတရားလည်း ဖြစ်တယ်။

**ပြဿနာအကျပ်အတည်း အရွယ်အစား ကြီးရင်ကြီးသလောက် အကျပ်အတည်းကိုစီမံခန့်ခွဲရာတွင်လည်း အသိဉာဏ်ရေချိန်မြင့်ဖို့ လိုအပ်မှာဖြစ်တယ်။ အသိဉာဏ်အဆင့်အတန်း မရှိသူများ အနေနဲ့ကတော့ သူတို့မှာရှိတဲ့ ကာယစွမ်းအားကိုသာ အားကိုးအားထား ပြုနေတော့မှာ ဖြစ်တယ်။ အဲဒါကြောင့် ရှေးလူကြီးများက “ စစ်ဆိုတာ အသိဉာဏ်ကင်းမဲ့သူများရဲ့ နောက်ဆုံးအားထားရာ ဖြစ်တယ် ” ( war is the last resort of the scoundrels ) လို့ဆိုခဲ့ကြတာဖြစ်တယ်။**

နအဖ အနေနဲ့လည်း သူတို့ ပိုင်ဆိုင်ရယူချင်သော နိုင်ငံတော်အာဏာကို ပြည်သူ့ဆန္ဒ မပါဝင်ပဲ ရယူချုပ်ကိုင် လိုမှု့ကြောင့် ဖြစ်ပေါ်လာတဲ့ အကျပ်အတည်းကို သူတို့ရဲ့ အားကိုးအားထားပြုရာများနဲ့ ဖြေရှင်းရယူခဲ့တယ်။ တနည်းဆိုရသော် နအဖ တို့အနေနဲ့ အကျပ်အတည်းကို စီမံခန့်ခွဲ ဖြေရှင်းရာမှ “ စီမံခန့်ခွဲမှု့ အကျပ်အတည်း ”နဲ့ ထပ်မံကြုံတွေ့ သွားရပြီး မှားယွင်းတဲ့ စီမံခန့်ခွဲမှု့တွေ ပြုလုပ်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

ဤသို့ မှားယွင်းစွာ ဖြေရှင်းပြေလည် ခဲ့တဲ့ အကျပ်အတည်းများဟာ အမြဲတမ်းပြေလည်နိုင်စွမ်း မရှိတတ်ပေ။ အချိန်အခါမရွေး ပြန်လည်ပေါ်ပေါက်နိုင်ရုံမက ထိုထက်မက ကြီးမားတဲ့ အကျပ်အတည်း အဖြစ်သို့ကူးပြောင်းစေနိုင်ပြီး သက်ဆိုင်ရာနယ်ပယ်မှာ အကျပ်အတည်းသံသရာဟာ ပြီးဆုံးခြင်းသို့ ရောက်ရှိမှာ မဟုတ်သလို ထိုအကျပ်အတည်း ဖြစ်တည်ရာနယ်ပယ် (သို့) အဖွဲ့အစည်း (သို့) လူ့အသိုင်းအဝိုင်း (သို့) နိုင်ငံနဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာများကို ထိခိုက်ကျဆင်းစေနိုင်ပါတယ်။

ယခုလို အချိန်အခါမျိုးမှာ မိမိတို့နိုင်ငံရဲ့ အကြီးမားဆုံး အကျပ်အတည်းဖြစ်တဲ့ အမျိုးသားရေး အကျပ်အတည်းကို စီမံခန့်ခွဲ ဖြေရှင်းဖို့ အခွင့်အလမ်းတွေကို ကြံဆောင်ရှာဖွေကြရမှာ ဖြစ်တယ်။ ထိုအကျပ်အတည်းဟာ လူတဦးတယောက်ရဲ့ တသီးပုဂ္ဂလ အကျပ်အတည်း မဟုတ်သလို

နိုင်ငံလုံးဆိုင်ရာ အမျိုးသားရေးအကျပ်အတည်း ဖြစ်တဲ့အတွက် ပို၍ကောင်းမွန်တဲ့ စိတ်စေတနာ၊ နည်းလမ်းများဖြင့်သာ ဖြေရှင်းကြရမှာဖြစ်တယ်။

နိုင်ငံတော်တည်ဆောက်ရေးမှာ အဓိကအင်အားဖြစ်တဲ့ ပြည်သူလူထု အပါအဝင် ပြည်သူ့ပါတီနဲ့ စစ်အာဏာရှင်ကြားက ဖြစ်တည်နေတဲ့ အကျပ်အတည်းကို ကောင်းမွန်သော မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်အသိအမှတ်ပြုကာ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဟာ လိုအပ်ချက် တခုဖြစ်တယ်။ ထိုသို့ တွေ့ဆုံဆွေနွေးရာမှာ မည်သူတွေက အသိအမှတ်ပြု၍ မည်သူတွေဖြင့် တွေ့ဆုံကာ အဖြေရှာကြရမည်လဲ....။

စီမံခန့်ခွဲမှု ရဲ့ ရလဒ်မှာ အခြေခံ လူ့အဖွဲ့အစည်းကတောင်းဆိုတဲ့ ဖွဲ့စည်းပုံပြောင်းလဲရေး (သို့) ( structural change ) ပင်ဖြစ်တယ်။ ထိုသို့ပြောင်းလဲလာမည့် ဖွဲ့စည်းပုံအရ ဦးစီးဦးဆောင်ပြုမှုဟာ လူတစုရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ ပြည်သူ/သားအားလုံးရဲ့အကျိုးစီးပွားကို ငြင်းပယ်လျစ်လျူရှုသော တနည်းအားဖြင့် ပြည်သူတို့ထံမှတိုက်ရိုက်မဆင်းသက်သော ပြောင်းလဲမှုဖြစ်ပါက ထိုအကျပ်အတည်းမှာ ပိုမိုဆိုးရွားလာစေပြီး ပေါက်ကွဲထွက်လာမည်သာဖြစ်သည်။ ထို့ကြောင့်လည်း တော်လှန်ရေးတိုက်ပွဲ ပုံသဏ္ဍာန်ကို ဖိနှိပ်ခံရသူများက ရွေးချယ်သည်မဟုတ်၊ ဖိနှိပ်သူများကသာ ရွေးချယ်ခြင်းဖြစ်သည်ဟုဆိုခြင်းဖြစ်တယ်။

**ဦးစီးဦးဆောင်ပြုသူတို့သည် မှန်ကန်သော စီမံခန့်ခွဲမှု များထားရှိကာ မိမိနိုင်ငံနှင့် တိုင်းရင်းသား ပြည်သူ ...ပြည်သား အားလုံး၏အကျိုးစီးပွားအတွက် အကောင်း ဆုံးနည်းလမ်းတွေကို ရှာဖွေ၍ အကျပ်အတည်းကို ကျော်လွှား နိုင်ကြပါစေ ဟုဆန္ဒပြု လိုက်ပါသည်။**

Ref *အကျပ်အတည်းစီမံခန့်ခွဲမှုအကြောင်း ပြည်သူ့ဆက်ဆံရေးရှုထောင့်မှ တစေ့တစောင်း (ပါမောက္ခ ဒေါက်တာ တင်စိုး)

**အကျပ်အတည်းကို အခွင့်အလမ်းအဖြစ်ပြောင်းလိုက် (လူထု စိန်ဝင်း)

**************************** တင်မြင့်မော်